# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၁၅)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၊ ၁၈-၁၀-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၇

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း(MIFA) နှင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ဟိန္ဒူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စာမျက်နှာ ၃ သို့ ■




### ဆီမီးထွန်းညှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၈ ရက် ၊ စနေနေ့ ။

မန္တလေး

# ကောင်းကျိုးချမ်းသာရပို့ အပြန်အလှန် ကျေးဇူးပြုသိတတ်ခြင်း

လူ့ဘောင်လောကတွင် လူဟူ၍ ဖြစ်လာသည်နှင့် ကျေးဇူးဟူသော ဝေါဟာရကို ရှောင်လွှဲကာနေထိုင်လို့ရမည်မဟုတ်ပါ။ လူ့ဘုံလောကကြီးသည် ရိုင်းပင်းကူညီမှုဖြင့်သာ တည်ရှိနေခြင်းဖြစ်သည်။ တစ်ဦးက အခြားတစ်ဦး၏ကောင်းကျိုးချမ်းသာအတွက် အပြန်အလှန် အကျိုးမျှော်လင့်ချက်မထားဘဲ မေတ္တာစေတနာသက်သက်ဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ရိုင်းပင်းကူညီစိတ်သည် လူမှုဝန်ထမ်းစိတ်ဖြစ်သည်။ လူအများ၏ အရေးအရာကိစ္စကို စေတနာဖြင့် တာဝန်ယူလုပ်ဆောင်ခြင်းဖြစ်ရာ မွန်မြတ်သန့်စင်လှသည်။ ယနေ့မြန်မာနိုင်ငံတွင် ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့၊ နာရေးကူညီရေးအသင်း၊ စေတနာ့ဝန်ထမ်းများသည် ရိုင်းပင်းကူညီစိတ်ကို အခြေခံ၍ လူအများ၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ထို့အပြင် လူ့ဘောင်လောကသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးပြုခြင်းဖြင့် တည်တံ့နေသည်။ ကျေးဇူးသည် တစ်ဦးက တခြားတစ်ဦးအပေါ်တွင် ပြုသောအကျိုးဆောင်မှုဖြစ်သည်။ အပြန်အလှန်အကျိုးရလဒ် မျှော်လင့်ချက်မရှိဘဲ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအားဖြင့်လည်းကောင်း ပံ့ပိုးကူညီပေးမှုဖြစ်သည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်သည်။ လူသားတို့အကြားတွင် ကျေးဇူးတရားသည် မကင်းနိုင်သောအရာဖြစ်သည်။ ကိုင်းပင်တို့ကြောင့် ကျွန်းမြေသည် တည်တံ့ရသကဲ့သို့ ကျွန်းမြေကြောင့်လည်း ကိုင်းပင်တို့ ရှင်သန်နေရသည်။ ဥယျာဉ်ဟူ၍ ရှိနေသောကြောင့် ရောင်စုံပန်းများ ပွင့်လန်း၍ ရောင်စုံပန်းတို့ကြောင့်လည်း ဥယျာဉ်သည် တင့်တယ်လှပနေသည်။ ဤသို့လျှင် လောကသည် ကျေးဇူးပြုသူ၊ ကျေးဇူးခံယူသူများဖြင့် ဖွဲ့တည်နေသည်။ ထို့ပြင် မန်လည်ဆရာတော်ကြီးက "ကိုယ့်မှာပြုဖူး၊ သူ့ကျေးဇူးကို တိမ်မြှုပ်မအပ် တုံ့ပြန်ဆက်၍ ထွက်နပ်ကောင်းပေ ပစ်မချေ"ဟု သူတစ်ပါး၏ကျေးဇူးကို မမေ့အပ်ရုံမျှမက တုံ့ပြန်ပေးဆပ်သင့်ကြောင်း ဆုံးမလမ်းညွှန်ခဲ့ပါသည်။

ကျေးဇူးပြုသူ၊ ကျေးဇူးခံယူသူများဖြင့် ဖွဲ့တည်ထားသော်လည်း ထိုအရာများသည် ဟန်ချက်ညီရန်လိုအပ်သည်။ ကျေးဇူးပြုသူက မာန်မာနမပါ၊ မေတ္တာရှေ့ထားရပြီး ကျေးဇူးခံယူသူက တုံ့ပြန်မေတ္တာဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်သည်။ သစ်ပင်ရိပ်ကို ခိုလှုံခဲ့ဖူးသူက ထိုသစ်ပင်၏ ကျေးဇူးကိုသိတတ်ရသည်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တတ်ခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဗုဒ္ဓကဟောကြားတော်မူခဲ့သည်။ တစ်လုပ်စားဖူး၊ သူ့ကျေးဇူး အထူးမမေ့သင့်ဟု ဆိုသင့်ဆိုထိုက်ပေသည်။ ကျေးဇူးသိတတ်ခြင်းသည် လောကဖွံ့ဖြိုးတိုးတက်စေကြောင်း နည်းလမ်းကောင်းဟု ဆိုထိုက်သည်။ သားသမီးများကလည်း မိဘကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းဖြင့် သာယာသောမိသားစုရိပ်မြုံကလေး ဖြစ်နိုင်သည်။ တောင်သူလယ်သမားတို့ကို ထမင်းစားသူတိုင်းက ကျေးဇူးသိခြင်းဖြင့် စားနပ်ရိက္ခာ ပိုမိုကြွယ်ဝလာမည်ဖြစ်သည်။ နိုင်ငံသားတိုင်းက အမိမြေ၏ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းဖြင့် အမိမြေ စည်ပင်တိုးတက်လာမည်ဖြစ်သည်။ ကျောင်းသားများသည်လည်း ပညာသင်ကြားရာ ငယ်ရွယ်စဉ်ကတည်းက ကျေးဇူးသိတတ်သူ လူကောင်း၊ လူတော်စိတ်များ ဖြစ်လာအောင် မွေးမြူရမည်လည်း ဖြစ်သည်။ သို့ဖြစ်ရာကျေးဇူးဟူသည် အလွယ်တကူ ပေးဆပ်၍ရနိုင်သောငွေကြေးပစ္စည်းမဟုတ်ပါ။ ကျေးဇူးတရားကို တန်ဖိုးသင့်၍ မရသကဲ့သို့ တန်ဖိုးဖြတ်သတ်မှတ်၍လည်းမရပါ။ မိမိတို့၏နှုတ်ခမ်းပေါ်တွင် "ကျေးဇူးတင်ပါတယ်"ဟူသော နှစ်လိုဖွယ်ရာ စကားများကို အမြဲထိန်းသိမ်းထားရန်လိုအပ်မည်ဖြစ်သည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးပြုသိတတ်ခြင်း၊ အထူးသဖြင့်မိဘကျေးဇူး၊ ဆရာသမားများ၏ ကျေးဇူးကို သိတတ်ရခြင်း၊ သိတတ်ရုံမျှမက ပြန်လည်ပေးဆပ်နိုင်အောင်လည်း ကြိုးစားခြင်းသည် ကိုယ်ကျင့်သီလ၏ အခိုင်အမာဆုံး ထောက်တိုင်ကြီးဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

# မဟာအောင်မြေမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မန္တလာနယ်လ်ဆင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်များအနေဖြင့် စာအုပ်၊ စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေကို အမြဲလေ့လာဖတ်ရှုနေမှသာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကိုလည်း ရှာဖွေ၍ လေ့လာမှတ်သားစေလိုကြောင်း စသည်ဖြင့်အကျယ်တဝင့် ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က လူငယ်များအတွက် ပညာ၏တန်ဖိုးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်ဇော်မင်း**

# ချောက်မြို့နယ်အတွင်း ဆန်သိုလှောင်ရုံများအား ဆန်၊ စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေး

**ချောက် အောက်တိုဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ဆန်သိုလှောင်ရုံများအား မြို့နယ်ဆန်စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ ဆန်စပါး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များက မြို့ပေါ်ရှိ ဆန်သိုလှောင်ရုံများအား ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် ဆန်စက်များ၏ ကြိတ်ခွဲထုတ်လုပ်မှု၊ ဈေးနှုန်းဈေးကွက်နှင့် ဆန်စီးဝင်၊ စီးထွက်စာရင်းများ၊ MyRo တွင် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံများ၏ ကုန်ရ၊ ကုန်ထုတ် လက်ကျန်စာရင်းများ ရေးသွင်းထားခြင်း ရှိ၊ မရှိ နှင့် Update စာရင်းရေးသွင်းနိုင်ရေး မှာကြားခဲ့ပြီး ဆန်ဆိုင်များအနေဖြင့် အိတ် ၅၀၀ အထက် ဆန်လက်ကျန်များ သိုလှောင်ထားသော်လည်း မှတ်ပုံတင်ထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိပါက ဥပဒေအရ အရေးယူခြင်းခံရနိုင်ကြောင်း၊ စပါးဆန်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် စပါးများဝယ်ယူစုဆောင်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် စပါးပွဲစား (ကြားပွဲစား)များအား ထိန်းကျောင်းနိုင်ရန် ကြားပွဲစားစိစစ်ရေးကတ်များ ထုတ်ပေးပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ချောက်မြို့ပေါ်တွင် ဆန်ကုန်သည် ၁၀ ဦးရှိပြီး MyRo တွင် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ ၁၂ လုံး၊ စလေမြို့တွင် ဆန်ကုန်သည် လေးဦး MyRo တွင် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ လေးလုံးရှိကြောင်းနှင့် လက်ရှိအခြေအနေတွင် ဆန်ဈေးနှုန်းအနေဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**ကျော်မိုး**

၀-၀-၀-၀-၀

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅လမ်းနှင့် ၁၂၀လမ်းထောင့်၊ ပြည်ရန်ကျော်ဈေးတို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

■ ရှေ့ဖုံးမှ

အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့အား တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီ အထိမ်းအမှတ် အခမ်းအနား မင်္ဂလာမုခ်ဦးကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာ ကဘူးများမှုတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဟိန္ဒူရိုးရာဆီမီးနံ့သာဖြင့် ကြိုဆိုကြစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့အား ဟိန္ဒူရိုးရာဆီမီးနံ့သာဖြင့် ကြိုဆိုကြပြီး ဟိန္ဒူရိုးရာတစ်ခုဖြစ်သည့် မွန်မြတ်ပြီး မင်္ဂလာရှိသော ဟိန္ဒူရိုးရာ Pur Kumbham (ပုရ်ဏကုမ္ဘမ်) ဖြင့်ဆုတောင်း ကြိုဆိုဂါရဝပြုကြသည်။ ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒီပါဝလီ အထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးပြခန်းများ၊ စီးပွားရေးလုပ်ငန်းပြခန်းများနှင့် မျိုးနွယ်စုများ၏ ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့်ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြသည်။ ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း အတွင်းရေးမှူးနှင့်ဇနီးတို့က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့အား မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဟိန္ဒူရိုးရာ ဒီပါဝလီ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ရိုးရာမီးထွန်းပွဲတော်ဖြစ်ကြောင်း၊ "ဒီပ" ဆိုသည့်

စာမျက်နှာ ၄ သို့ ■






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

■ စာမျက်နှာ ၃ မှ

မီးအလင်းရောင်နှင့် "အာဝလီ" ဆိုသည့် စီတန်းခြင်းဆိုသည့် အဓိပ္ပာယ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် ဒီပါဝလီ ဆိုသည်မှာ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ဟု သိရှိရကြောင်း၊ ဒီပါဝလီပွဲတော်စတင်ဖြစ်ပေါ်ခဲ့သည့် နောက်ခံသမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့် ဒသဂီရိမင်းကိုနှိမ်နင်းပြီး စစ်ပွဲမှန်သမျှဘယ်သောအခါမှ အရှုံးမရှိသည့် အယုဒ္ဓယ နေပြည်တော်ကို ပြန်လည် ဝင်ရောက်လာသောအချိန်သည် သီတင်းကျွတ်လကွယ် မှောင်မိုက်နေသည့် ညအချိန်အခါဖြစ်သဖြင့် ဆီမီးများထွန်းညှိပြီး ရာမမင်းမြတ်ကို ဆီမီးအလင်းရောင်ဖြင့် ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော် စတင်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသိရှိရကြောင်း။

ဆီမီး ပူဇော်ခြင်းအားဖြင့် အမှောင်များ ပျောက်ကွယ်ပြီး အလင်းများ ရောက်လာသကဲ့သို့ မကောင်းသည်များ ကွယ်ပျောက်ပြီး ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက် ရောင်ခြည်များ ပြန်လည်ပြည့်ဝလာစေရန်ဆိုသည့် ယုံကြည်ချက်များဖြင့် အခုကဲ့သို့ ဆီမီးပူဇော်ကြခြင်းဖြစ်ကြောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် ဒီပါဝလီနေ့သည် အခါထူးရက်မြတ်ဖြစ်ခြင်းကြောင့် လုပ်ငန်းအသစ်စတင်ခြင်း၊ စာရင်းဟောင်းချုပ်ပြီး စာရင်းအသစ် စတင်ခြင်းများ ပြုလုပ်ပါက မျှော်မှန်းထားသည့်အတိုင်း အောင်မြင်သည်ဆိုသည့် ယုံကြည်မှုများနှင့် ဆောင်ရွက်ကြသည်ကိုလည်း သိရှိရကြောင်း၊ ယခုကျင်းပသည့် ဒီပါဝလီမီးထွန်းပွဲတော်ကြောင့် မိမိတို့နိုင်ငံတွင် ယခုအချိန်ကစပြီး ပိုမိုကောင်းမွန်တိုးတက်သည့် အခြေအနေကောင်းများ ရရှိခံစားနိုင်မည်ဆိုသည်ကို ယုံကြည်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့်မတူကွဲပြားသည့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမျိုးစုံ စုပေါင်းတည်ရှိသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ၏ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး တူညီသည့်အခွင့်အရေးများနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအလျောက် ဘာသာရေးပွဲတော်များကိုလည်း အနှစ်သာရရှိရှိ ကျင်းပဆောင်ရွက်သွားကြရန် လွန်စွာအရေးကြီးကြောင်း။

မတူကွဲပြားသည့် ဘာသာဝင်များအကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့်ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့်ပန်းကုံးတို့ကို ဂါရဝပြုဆင်မြန်းပေးစဉ်။

တရားလေးပါးကို လက်ကိုင်ထားပြီး သင့်မြတ်စွာ စုစည်းနေထိုင်ရန် လိုအပ်ကြောင်း၊ "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဆိုသည့် စကားအတိုင်း ဘာသာပေါင်းစုံ စုစည်းညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အခြေခံမှုများဖြစ်သည့် ဘာသာပေါင်းစုံမှ ဘာသာဝင်များအချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာ နေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများအား ကူညီစောင့်ရှောက်ရန်၊ ဘာသာရေးနှင့် ဆက်နွှယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသော ကောင်းမွန်သည့် အခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့သည် အမိမြေပေါ်တွင် အတူတကွ ကြီးပြင်းလာကြသူများဖြစ်သည့်အတွက် တစ်ဦး၏ ယုံကြည်ရာ ဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက ပိုင်ဆိုင်သည့် ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာ သုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်ပင် ဖြစ်ပါစေ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နေထိုင်ကြရန်လိုကြောင်း၊ အဆိုပါ စိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြဖို့လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသား မိဘပြည်သူများ၏ အကျိုးအတွက် နိုင်ငံတော်ကိုပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန် အတွက် လာမည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစပြီး လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို စတင်ကျင်းပပေးတော့မည် ဖြစ်ကြောင်း၊ ထို့နောက် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် အစိုးရကို ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်လွှဲအပ် နိုင်ရေး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စေရေး ယခုကဲ့သို့ အဖွဲ့အစည်း အသီးသီးကလည်း နိုင်ငံ့အကျိုးမျှော်ကိုးပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်တို့၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ပွဲကို ဦးစီးကျင်းပပေးခဲ့သည့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ မြန်မာ-အိန္ဒိယ ကုန်သည်ကြီးများနှင့် ဟိန္ဒူမျိုးနွယ်စုအသင်းအဖွဲ့များ အားလုံးကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ယခု ဒီပါဝလီပွဲတော်မှစပြီး မိမိတို့နိုင်ငံသားအားလုံး တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီး အတိတ်ကမကောင်းသည့် အဟောင်းများကို ချန်ခဲ့ကာ အနာဂတ်နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် စာမျက်နှာ ၅ သို့■

- မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် မတူကွဲပြားသည့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမျိုးစုံ စုပေါင်းတည်ရှိသည့် နိုင်ငံဖြစ်
- နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ၏ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး တူညီသည့်အခွင့်အရေးများနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်ကြသူများ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

■ စာမျက်နှာ ၄ မှ
ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်း စကားပြောကြား လိုက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံက အမှတ်တရစကားနှင့် ဒီပါဝလီအထိမ်းအမှတ်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား မြန်မာ- အိန္ဒိယ ရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ဟိန္ဒူရိုးရာ ယဉ်ကျေးမှုအကအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များက ဟိန္ဒူရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊ မြန်မာ့ရိုးရာအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့သည် ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

❂ မတူကွဲပြားသည့် ဘာသာဝင်များအကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး သင့်မြတ်စွာ စုစည်းနေထိုင်ရန် လိုအပ်ကြောင်း၊ “စုပေါင်းညီညာ အောင်ကြောင်းဖြာ”ဆိုသည့် စကားအတိုင်း ဘာသာပေါင်းစုံ စုစည်းညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အခြေခံမှုများဖြစ်သည့် ဘာသာပေါင်းစုံမှ ဘာသာဝင်များအချင်းချင်း အပြန်အလှန် လေးစားပြီး အတူတကွ အေးချမ်းစွာနေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေးပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများအား ကူညီစောင့်ရှောက်ရန်၊ ဘာသာရေးနှင့် ဆက်နွယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသော ကောင်းမွန်သည့် အခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိ




ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားတွင် အကအဖွဲ့များက ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက လာရောက်ဂါရဝပြုတွေ့ဆုံ

## တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လို

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်ဗညားမွန်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသူ ဦးခွန်ဥက္ကာနှင့် ဦးမျိုးဝင်း၊ တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့တက်ရောက်ပေးကြသည့် တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ အားလုံးကို နိုင်ငံတော်နှင့် တပ်မတော်က ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း၊ NCA နှစ်ပတ်လည် အခမ်းအနားတွင် မိမိအနေဖြင့် လိုအပ်သည်များကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ NCA သည် တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားများ၏ တောင်းဆိုချက်များအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ NCA ကို အပြည့်အဝ အကောင်အထည်ဖော်ရန်အတွက် ယခင်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ရကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်က နိုင်ငံတော်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည့် အတွက် ဆက်လက်ဆွေးနွေးဆောင်ရွက်မှုမရှိ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့အနေဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ကြားကာလများတွင် မိမိနှင့်သော်လည်းကောင်း၊ မိမိ၏ ကိုယ်စားလှယ်အဖွဲ့များနှင့်သော်လည်းကောင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်၍ မိမိအနေဖြင့်လည်း သဘောတူညီပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်ကာလအရ ပြင်ဆင်ရန် လိုအပ်သည်များရှိသည်ကို မိမိအနေဖြင့် သဘောပေါက်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေပြင်ဆင်နိုင်ရေးအတွက် ကြိုတင်ဆွေးနွေးသကဲ့သို့ လွှတ်တော်တွင် အတည်ပြုပြင်ဆင်နိုင်ရန် လိုကြောင်း၊ NCA ကို အရှိန်ပြန်ရလာအောင် လာရောက်ပြီး ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံကောင်းအောင် အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ် အဖွဲ့များက NCA လက်မှတ်ရေးထိုးထားသည့်သူများဖြစ်သည်နှင့်အညီ NCA လမ်းကြောင်းအတိုင်း နိုင်ငံအတွင်း

စာမျက်နှာ ၇ သို့ »»»

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၇၁ ရက်

သာ လိုတော့သည်။

### အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

အနည်းဆုံးရက်ပေါင်း (၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

»»» စာမျက်နှာ ၆ မှ

ငြိမ်းချမ်းရေးရရှိရေး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ NCA လမ်းကြောင်းပေါ်၌ နိုင်ငံတော်နှင့် တပ်မတော်၏ ဦးဆောင်မှုဖြင့် ခိုင်ခိုင်မာမာ ဆက်လက် လျှောက်လှမ်းသွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်သဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည့် အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဆက်လက်ပါဝင်တက်ရောက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ထွက်ပေါ်လာသည့် အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ ဆက်လက်ပါဝင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးပြောကြားရာတွင် NCA ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ရွေးချယ်ခံ အစိုးရ၊ လွှတ်တော် ရှိရန်လိုကြောင်း၊ မူလစတင်လက်မှတ်ရေးထိုးစဉ်ကတည်းက လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း၊ NCA တွင်ပါဝင်ခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးပါဝင်ရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပ ပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေးနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မဲမသမာမှုများ ဆောင်ရွက်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစနစ် (MEVM)များဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီး NCA ကို ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့်အတွက် လက်ရှိအချိန်တွင် အခိုင်မာဆုံးဖြစ်ကြောင်း၊ အခြေခံဥပဒေအား ပြင်ဆင်၍ရသည်များကို ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုသော်လည်း မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် လိုကြောင်း၊ ဖက်ဒရယ်စနစ်တွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကွဲပြားခြားနားမှုများရှိသော်လည်း မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်ကာလတွင် ပြည်သူများအနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေး တောင်းဆိုခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တိုင်းရင်းသားများ၏အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏ NCA နှစ်ပတ်လည်နေ့ မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည့်အတိုင်း အားလုံးက ဖြစ်ချင်တာထက် ဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို ပိုမိုဦးစားပေးပြီး ဆောင်ရွက်သင့်ကြောင်း၊ **အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း**၊ တိုင်းပြည်ခွဲထွက်ရေးကို တပ်မတော်အနေဖြင့် လုံးဝလက်မခံကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်အနေဖြင့် အလေးထား စောင့်ထိန်းလိုက်နာသွားမည် ဖြစ်ကြောင်း၊ လူအနည်းစု၏ သဘောထားကို အလေးထားရမည်ဖြစ်သော်လည်း လူအများစု၏ ဆန္ဒကိုလည်း အားလုံးက လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည် ဖြစ်နိုင်သည်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အကျိုးကိုဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှ စတင်၍ ယနေ့အချိန်အထိ လွတ်လပ်ရေး၏ အသီးအပွင့်ကို မခံစားရသေးကြောင်း၊ မိမိတို့နိုင်ငံနှင့် အကျယ်အဝန်းအရ၊ လူဦးရေအရ၊ စီးပွားရေးအခြေခံအရ တူညီသည့်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျ ကျန်နေကြောင်း၊ ထို့ကြောင့် အားလုံးက တိုင်းပြည်ကောင်းအောင် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ် အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ နန်းမြို့တွင်းရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)

ဝ-ဝ-ဝ-ဝ-ဝ



သစ်တောသစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရှေ့တိုက်ကိုစိုး။

# ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အစီအစဉ်အဖြစ် **“ငြိမ်းချမ်းသောမြန်မာ့အနာဂတ် တည်ဆောက်ခြင်း”** အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြသည်။



NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အစီအစဉ်အဖြစ် “ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပစဉ်။

**ဦးဆောင်ဆွေးနွေး**

ထို့နောက် **“NCA ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို သုံးသပ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပြန်လည်စုံလင်စွာ ပါဝင်လာနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုနှင့် ပြဿနာ အကြောင်းအရာများအပေါ် ရေတို၊ ရေရှည်ဆောင်ရွက်နိုင်မည့် နည်းဗျူဟာများဖော်ထုတ်ခြင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ သဘာပတိ ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူ ဦးအောင်နိုင်ဦး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ဒေါ်စောမြရာဇာလင်းနှင့် ဦးမျိုးဝင်းတို့က ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက် စကားဝိုင်းအလိုက် ဆွေးနွေးကြပြီး စကားဝိုင်းအလိုက် ကိုယ်စားလှယ်များက အကြံပြုချက်များ တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းအပေါ် သဘာပတိနှင့် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို သရုပ်ပြရှင်းလင်းစဉ်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပရာ ဆွေးနွေးချက် အကြောင်းအရာများ အပေါ် သဘာပတိ ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း)က ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးမှုရလဒ်များစုစည်းချက်အား တင်ပြခြင်း၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သူ ဦးအောင်မင်းက “ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် KNU/KNLC-PC ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးနှင့် NCA အသိသက်သေ ဦးဇိုဇမ်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှတ်တရ လက်ဆောင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို သရုပ်ပြရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသအလိုက် လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၁) ထွန်စက်စခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လူမှုရေး၊ ကျန်းမာရေး သက်သာချောင်ချိရေးဆိုင်ရာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေသဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ်၊ လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါများ ဓာတ်ခွဲစစ်ဆေးပေးနေမှုနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd. ၏ ငါးအသားလွှာပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းစက်ရုံလုပ်ငန်း၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် စက်ပစ္စည်းများ စမ်းသပ်လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ညောင်တုန်းမြို့ ကျုံတမာကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမြင့်သိန်းထွန်း၏ Top Dairy Farm နို့စားနွား မွေးမြူရေးခြံသို့ရောက်ရှိပြီး နို့စားနွား ၈၅ ကောင် မွေးမြူထားရှိမှုနှင့် နို့နှင့်နို့ထွက်ပစ္စည်းများဖြစ်သည့် နို့အေး၊ ဒိန်ချဉ်၊ ထောပတ်၊ ဒိန်ခဲများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းတာဝန်ရှိသူများအား စက်ရုံအတွင်း သန့်ရှင်းသပ်ရပ်ရေး၊



ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အလားတူ ဆားမလောက်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ Master Feed Mill ငါးအစာတောင့်စက်ရုံသို့ရောက်ရှိပြီး ဒေသထွက်ကုန်ကြမ်း ဖွဲနု၊ ဖွဲဖြူ၊ ပဲဖတ်၊ နှမ်းဖတ်၊ မုန်ညင်းဖတ်၊ နေကြာဖတ်၊ ဆီးဖတ်၊ ငါးခြောက်၊ ဖွံ့ခြောက်၊ ငါးဆီ၊ ဆန်လုံးတီး၊ ပြောင်းတို့ဖြင့် ငါးကြီးစာ၊ ငါးမစာ၊ ငါးလေးစာ၊ ဆေးစပ်ငါးလေးစာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးတိရစ္ဆာန်အစာတွင် ပါဝင်ရမည့် အာဟာရဓာတ်များ ပြည့်ဝစွာပါဝင်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်းသက်သာစေမည့်နည်းစနစ်များ လေ့လာဆောင်ရွက်ရန်နှင့် ခေတ်မီ AI နည်းပညာသုံးစွဲကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ မော်စကိုမြို့၌ ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် Russia Energy Week International Forum(REW) သို့ တက်ရောက်သည်။



### ဆွေးနွေး

အောက်တိုဘာ ၁၅ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Gazprom International Limited မှ General Director ဖြစ်သူ Mr. Sergey Tumanov ဦးဆောင်သည့်အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Zarubezhneft JSC ကုမ္ပဏီမှ General Director ဖြစ်သူ Mr. Sergey Kudryashov ဦးဆောင်သည့်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ရေနက်ဆိပ်ကမ်းများကို အသုံးပြု၍ Energy Trading ပြုလုပ်နိုင်မည့် အခွင့်အလမ်းကောင်းများ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံတည်ဆောက်၍ ထွက်ရှိလာသော ရေနံထွက်ကုန်ပစ္စည်းများကို ပြည်တွင်းတွင်သာမက ဒေသတွင်းနိုင်ငံများတွင် ဖြန့်ဖြူးရောင်းချပေးနိုင်မည့် အလားအလာကောင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၆ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကြီးကြပ်ရေး ဘုတ်အဖွဲ့ဝင် Mr. SHATIROV Sergey Vladimirovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၈)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်၏ အဓိကအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး(Main Forum-Plenary Session) သို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က လူသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုတွင် စွမ်းအင်ကဏ္ဍ၏ အရေးပါမှု၊ ကမ္ဘာ့စွမ်းအင်ဖြည့်ဆည်းပေးမှုတွင် ရုရှားနိုင်ငံ၏ ပါဝင်နေသည့်အခန်းကဏ္ဍ၊ Digital Industry ဖွံ့ဖြိုးလာမှုတွင် အဓိကကျသည့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်မှု၊ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို ရေရှည်အတွက်မျှော်မှန်းကာ အစီအမံများ ချမှတ်ဆောင်ရွက်နေမှုတို့ကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖိုရမ်တက်ရောက်နေစဉ်အတွင်း စွမ်းအင်ကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းအသီးသီးမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လေ့လာကြည့်ရှုကြပြီး Joint Stock Company Inter RAO ပြခန်းတွင် သဘာဝဓာတ်ငွေ့ကို လေလွင့်ဆုံးရှုံးမှု အနည်းဆုံးအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်နိုင်သည့် Combined-cycle Gas Turbine များ၏ စွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးခဲ့သည်။

ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး စွမ်းအင်ကဏ္ဍတွင်ဖြစ်ပေါ်နေသည့် ပြဿနာများကိုဖြေရှင်းရေး၊ လူသားတို့အတွက် စွမ်းအင်တိုးမြှင့်ဖြည့်ဆည်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ ရာသီဥတု၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ် ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး အစီအစဉ်များအတွက် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများပြန်လည်ထူထောင်ရန် နိုင်ငံတော်မှ ထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် (၃) နှစ်မှ (၅)နှစ်အထိ သက်တမ်းရှိသည့် ချေးငွေများအား သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါသည်-

- နေအိမ်နှင့် အဆောက်အအုံ ပြန်လည်တည်ဆောက်ရေး ချေးငွေ (အတိုးနှုန်း ၃ %)
- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs) လုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်ရင်းနှီးငွေ၊ စက်ပစ္စည်း၊ ရေ၊ မီး၊ ဆိုလာနှင့် ရင်းနှီးမြှုပ်နှံမှုချေးငွေ (အတိုး နှုန်း ၅ %)
- စက်ရုံလုပ်ငန်းကြီးများ ပြန်လည်ပြုပြင်ရေးနှင့် လည်ပတ်နိုင်ရေးချေးငွေ (အတိုးနှုန်း ၇ %)
- နိုင်ငံပိုင်အခြေခံအဆောက်အအုံများ တာဝန်ယူတည်ဆောက်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ယာယီချေးငွေ (အတိုးနှုန်း ၇ %)

ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် AYA Bank PCL၊ uab Bank PCL၊ CB Bank PCL၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်၊ ရိုးမဘဏ်၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်၊ Best Merchant Finance Co., Ltd. နှင့် Zega Finance Co., Ltd. တို့အား ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP) နှင့်အညီ ရွေးချယ်ထားပါသည်။ (SOP အသေးစိတ်အချက်များကို CBM Website www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။)

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအနေဖြင့် ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၇-၁၀-၂၀၂၅)

# ပညာရေးဒီဂရီကောလိပ်ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

ဆရာအတတ်သင် ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲအမျိုးသား ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်ပြိုင်ပွဲများကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတွင် ယနေ့ နံနက်ပိုင်းနှင့် အောင်မြေမန္တလာအားကစားကွင်းတွင် ညနေပိုင်းတို့တွင် ယှဉ်ပြိုင်လျက်ရှိရာ ပြိုင်ပွဲကျင်းပရေးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယနေ့နံနက်ပိုင်း ပထမအကြိုဗိုလ်လုပွဲတွင် (က)အုပ်စု ပထမ မန္တလေးEDC အသင်းနှင့် (ခ)အုပ်စု ဒုတိယမကွေး EDC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒုတိယပိုင်းပွဲပြီးနှင့် အချိန်ပိုကစားအပြီးတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့၍ ပင်နယ်တီကန်သွင်းကြရာမှ မကွေးEDCအသင်းက အိမ်ရှင်မန္တလေး EDC အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် ထိုက်ထိုက်တန်တန် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကာ ညနေပိုင်း ဒုတိယအကြို ဗိုလ်လုပွဲတွင် (ခ) အုပ်စုပထမမိတ္ထီလာEDCအသင်းနှင့် (က)အုပ်စုဒုတိယမုံရွာအသင်းတို့ ယှဉ်ပြိုင်ကြရာ မိတ္ထီလာ EDCအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗိုလ်လုပွဲအဖြစ် မိတ္ထီလာ EDC အသင်းနှင့် မကွေးEDC အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ယာဖုံ)

(၀၄၀)



အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။

✧ စာမျက်နှာ ၂၄ မှ

ထိုသို့ သီပေါမြို့နှင့် ယင်းဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် စစ်ကြောင်းများခွဲ၍ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းလျက်ရှိသည့် ဆိုင်းခေါင်ကျေးရွာ၊ နောင်ပိန်လေးကျေးရွာ၊ ဇောတိကုန်းကျေးရွာ၊နမ့်ဟူးတောင်(အောက်)၊နမ့်ဟူးတောင်(အထက်)နှင့်ပန်ဟာက်ကျေးရွာ၊အောက်တိုဘာ ၃ရက်တွင်ကျောက်မဲကြီးကျေးရွာ၊ အောက်တိုဘာ ၄ ရက်တွင် ခိုတင်ကျေးရွာ၊ ပွိုင့်-၉၄၇ တောင်ကုန်းနှင့် ပန်ဟုတ်ကျေးရွာ၊ အောက်တိုဘာ၅ရက်တွင်နားခေါ်ကျေးရွာ၊ ခဲမွန်ကျေးရွာနှင့် ဗူးခါးကျေးရွာ၊ အောက်တိုဘာ ၆ ရက်တွင် လွယ်ခေါ်ကျေးရွာ၊ အောက်တိုဘာ ၉ ရက်တွင် ချောင်းချောက် ကျေးရွာနှင့် အောက်တိုဘာ ၁၀ ရက်တွင် နောင်အန်းကျေးရွာနှင့်ယင်းကျေးရွာအနီးရှိ ရန်သူ့စခန်းကုန်းတို့အား အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့သည်။

တစ်ချိန် တည်းမှာပင် တပ်မတော် စစ်ကြောင်းများသည် ရန်သူထင်မှတ်မထားသည့် နေရာမှ အကျယ် ပေ ၁၁၀၊ အနက် ၁၂ ပေခန့်ရှိပြီး ၁ နာရီ ၅ မိုင်နှုန်းခန့် စီးဆင်းနေသည့် ရေစီးသန်သော နမ့်ပန်စီချောင်းကို စစ်နည်းဗျူဟာမြောက် ပေါင်းကူးခြေကုပ်ရယူ၍ ခဲရာခဲဆစ်ဖြတ်ကူးကာ အကြမ်းဖက် သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် တိမ်းခမ်းကျေးရွာနှင့် ငွန်ဆိုင်းကျေးရွာ၊ အောက်တိုဘာ ၁၃ ရက်တွင်မူလေးကျေးရွာ၊ရေပူကျေးရွာ၊ လောင်ခွန်ကျေးရွာနှင့် ပုံဖန်းကျေးရွာ၊ အောက်တိုဘာ ၁၄ ရက်တွင် မန်လွယ်ကျေးရွာ၊ ကျင်သီကျေးရွာတစ်ဝိုက်၊ အောက်တိုဘာ ၁၅ ရက်တွင် ဘော်ကြိုကျေးရွာ၊ ကောင်းခါးကျေးရွာနှင့် နားခဲကျေးရွာ၊ အောက်တိုဘာ ၁၆ ရက်တွင် ခါလိမ်ခါလွေကျေးရွာမှတစ်ဆင့် သီပေါတိုးဂိတ်တို့ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။

ထိုသို့ အဆင့်ဆင့် နေရာတစ်ခုပြီးတစ်ခု ချီတက်ရှင်းလင်း သိမ်းပိုက်စဉ် တပ်မတော် စစ်ကြောင်းများ ကျင်သီကျေးရွာအနီးသို့ အရောက် TNLA အကြမ်းဖက် သောင်းကျန်းသူများသည် ကျောက်မဲမြို့နှင့် သီပေါမြို့ အကြားရှိ အလျားပေ ၂၀၀ နှင့် အနံ ၂၈ ပေရှိ ရေစီးသန်သည့် နမ့်ပန်စီ ချောင်းကူးတံတားဖြစ်သည့်ကျင်သီတံတားအားယုတ်မာရိုင်းစိုင်းစွာဖြင့် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်လျက်ရှိစဉ် တပ်မတော်စစ်ကြောင်းများက အချိန်မီရောက်ရှိသွားသည့်အတွက် တံတားအား အလုံးစုံမိုင်းခွဲ ဖျက်ဆီးနိုင်ခြင်းမရှိဘဲ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးကာ အချို့အား မိုင်းခွဲဖျက်ဆီးခဲ့သည့် အပြင် လမ်းကြောင်းတစ်လျှောက်တွင်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများဖြစ်စေရန် မိုင်းများဖြင့် အတားအဆီးများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းရှိ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများအား ဒေသခံတိုင်းရင်းသား ပြည်သူများ အန္တရာယ် မဖြစ်စေရန်အတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခြင်း၊ ပျက်စီးနေသည့် တံတားနေရာများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ညတွင်းချင်း ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက် သောင်းကျန်း သူများအား တပ်မတော် စစ်ကြောင်းများက ထက်ကြပ်လိုက်လံ ချေမှုန်းခဲ့သည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများသီပေါမြို့အဝင် Toll Gate သို့



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့အား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။

ရောက်ရှိစဉ် TNLA အကြမ်းဖက် သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူပိုင်အဆောက်အအုံများအား မီးရှို့ ထွက်ပြေးသွားခဲ့သဖြင့် တပ်မတော် စစ်ကြောင်းက မြို့အတွင်းသို့ အလျင်အမြန် ဝင်ရောက်ရှင်းလင်း၍ အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် မြို့တွင်း လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် သီပေါမြို့အား တပ်မတော်က အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ သီပေါမြို့အနီးဝန်းကျင်သို့ရောက်ရှိနေသည့် တပ်မတော် စစ်ကြောင်း အနေဖြင့်လည်း စိတ်ဓာတ်ကျဆင်းစွာ ဖရိုဖရဲဖြင့် သီပေါမြို့၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား ထက်ကြပ်လိုက်လံတိုက်ခိုက် ချေမှုန်းလျက် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ၃၄ ကီလိုမီတာအကွာအဝေးအား အဆင့်ဆင့်ပြန်လည် တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၁၆ ရက်တာ ကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးခုနစ်ကြိမ်၊ ထိတွေ့မှုပေါင်း ၂၁ ကြိမ် စုစုပေါင်း ၂၈ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၃ လောင်း၊ လက်နက်ခုနစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၁၁ သို့ ✪



အောင်ပွဲရ တပ်မတော်သားများအား သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနေသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျင်သီတံတား မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျင်သီတံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းများအား ဖော်ထုတ်ရှင်းလင်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ပေါ်ကြိုဘုရားကြီးနေရာတစ်ဝိုက် ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကျင်သီတံတားအား ပြန်လည်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။

✪ စာမျက်နှာ ၁၀ မှ

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ စိတ်ကူးယဉ် အိပ်မက်ဖြစ်သည့် ပလောင်ပြည်နယ် ရရှိရေးတွင် တစ်ခုအပါအဝင်ဖြစ်သော သီပေါမြို့ကိုလည်း တပ်မတော်က ထပ်မံ၍ အောင်မြင်စွာ ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည့်အတွက်လည်း၎င်းတို့၏ စိတ်ကူးယဉ် အိပ်မက်များ ဝေးသည်ထက် ဝေးကွာကာ ခေါင်းဆောင်ပိုင်းမှ အစ လက်အောက်အဆုံးလက်နက်ကိုင်သူတိုင်းနီးပါး စိတ်ဓာတ်များ အကြီးအကျယ် ကျဆင်းစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးလျက်ရှိသကဲ့သို့ အချို့အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့ဝင်များအနေဖြင့်လည်း နီးစပ်ရာ တပ်မတော် စစ်ကြောင်းများထံ ဆက်သွယ်၍ အလင်းဝင်ရောက်လျက်ရှိကြောင်း သိရသည်။

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် နောင်ချိုမြို့နှင့် ကျောက်မဲမြို့များတွင် လုပ်ဆောင်ခဲ့သည့် ၎င်းတို့၏ အကြမ်းဖက်လမ်းစဉ် နည်းလမ်းအတိုင်း လုပ်ဆောင်လျက်ရှိသည့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သီပေါမြို့ရှိအကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင် အခြားဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များအား ရက်စက်ယုတ်မာရိုင်းစိုင်းစွာ မီးရှို့ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့/ရွာများအတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့်လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများနေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်း သူများသည် တပ်မတော် စစ်ကြောင်းများနှင့် တိုက်ပွဲများ ဖြစ်ပွားစဉ်ကာလအတွင်း ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းကြောင်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့်ကမ္ဘာကျော်ရှေးဟောင်းမီးရထားလမ်းတံတား တစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတားအပါအဝင်အများပြည်သူ အဓိကသွားလာအသုံးပြုလျက်ရှိသည့် တံတားကြီး/ငယ်များအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ လမ်းများ ပိတ်ဆို့တားဆီးခြင်းများ လုပ်ဆောင်ခဲ့သဖြင့် တပ်မတော် စစ်ကြောင်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင်ခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ သီပေါမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် သီပေါမြို့မှ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများ ပြည်ဝင်ရောက်၍ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ရာ ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားရေး လုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသကဲ့သို့ပင် မြန်မာတစ်ပြည်လုံးရှိပြည်သူများကလည်း ယခုကဲ့သို့ တပ်မတော်၏ အောင်မြင်မှုများအတွက် ထပ်တူဂုဏ်ယူဝမ်းမြောက်လျက်ရှိပြီး ရှေ့တန်းရောက် တပ်မတော်သားများအတွက် နိုင်ငံတစ်ဝန်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား ပေးပို့လှူဒါန်းလျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ရှေ့တန်းရောက်တပ်မတော်သားများ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည့်အတွက် ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြန်လည် လုပ်ဆောင်နိုင်တော့မည်ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သောင်းကျန်းသူများက ကျင်သီတံတားအား မိုင်းထောင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် အလောင်း/လက်နက်များကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ အကျဉ်းထောင်အား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ အကျဉ်းထောင်အား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ရုံး/ဌာနအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နိုင်ငံတစ်ဝန်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား ပေးပို့လှူဒါန်းမှု မှတ်တမ်းဓာတ်ပုံ။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် အလှူရှင်များက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ယနေ့လှူဒါန်းမှုတွင် စေတနာရှင်၊ အလှူရှင်များဖြစ်သည့် ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က လှူဒါန်းငွေကျပ်သိန်း၅၀၀ကို ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကာ ကျေးဇူးတင်စကားများပြောကြားခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်နေရာများတွင် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀




# မိတ္ထီလာမြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာဖြင့် အချိန်မီစနစ်တကျပြုစုပြီးစီးရေး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကြည့်ရှုစစ်ဆေး



**မိတ္ထီလာ အောက်တိုဘာ ၁၇**

မိတ္ထီလာမြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာဖြင့် အချိန်မီစနစ်တကျပြုစုပြီးစီးနိုင်ရေး ဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။ (ဓာတ်ပုံ)

ထိုသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၏ အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနန္ဒကျော်သူ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို မှန်ကန်စွာ စိစစ်ပြုစုရေးနှင့် အချိန်မီစနစ်တကျ ဆောင်ရွက်ပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ (၄၅၃)

# မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၇**

မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန အောင်မြေသာစံမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မသန်စွမ်းသူများ ကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာ အီလက်ထရောနစ် မဲပေးစက်အသုံးပြုရခြင်းနှင့် အသုံးပြုပုံတို့ကို Power-point ဖြင့် ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်ထက်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



ဆက်လက်၍ မသန်စွမ်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် အမြင်အာရုံမသန်စွမ်းသူများအတွက် မျက်မမြင် လက်စမ်းစာ(Braille)ကို အခြေခံ၍ လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (ဓာတ်ပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

# အသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ထန်းသုံးပင်ကျေးရွာ မွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးဟောပြောပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်ဥပဒေ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးရွာနေ ပြည်သူများ လိုက်နာရမည့်အချက်များ၊ ရပိုင်ခွင့်များကို အသိပညာပေး ဆွေးနွေးဟောပြောပြီး ကျေးရွာနေ ပြည်သူများ၏ သိလိုသည့်များ မေးမြန်းချက်များကို သက်ဆိုင်ရာဌာနများမှ ပြည်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ (အောက်ပုံ)

အဆိုပါကျေးရွာ၌ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာထူထောင်ရေး(Smart Village) စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး Smart Village စီမံကိန်းကို ကဏ္ဍ(၆)ရပ်ဖြင့် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ကာ ထန်းသုံးပင်ကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ်၊ လူဦးရေ ၇၀၈ ဦးတို့ကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနေပြီဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(၀၄၀)

၀-၀-၀-၀-၀






## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးအစည်းအဝေး (၂/၂၀၂၅-၂၀၂၆)ကျင်းပ

**မကွေး အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က(၂/၂၀၂၅-၂၀၂၆)အစည်းအဝေးတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များမှ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေးအတွက် လျှောက်ထားလာမှုအခြေအနေအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းမှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တင်ပြလျှောက်ထားလာသော ဝင်ငွေတိုးလုပ်ငန်းရှင် ၁၀၅ ဦး၊ ပြင်ပလုပ်ငန်းရှင် ၇၅ ဦး၊ စုစုပေါင်း ၁၈၀ ဦး၏ အချက်အလက်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အထောက်အထားအချက်အလက်ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေး အတည်ပြုဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်မှုများ ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှု လျှော့နည်းနိုင်

**မန္တလေး အောက်တိုဘာ ၁၇**

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းဖြင့် အများပြည်သူအတွက် ထိခိုက်ဆုံးရှုံးမှုလျှော့နည်းနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိမိတို့ဒေသများ၌ ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် လျှော့ချရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပညာပေးလုပ်ငန်းများနှင့်အတူ ဘေးအန္တရာယ်ခံစားခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

"ဒီနှစ်မှာ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများစွာခံစားခဲ့ရပြီး ဒီအရင်မှာ ရေဘေးကြုံခဲ့ရတယ်။သဘာဝဘေးနဲ့ ပတ်သက်လို့ မကျရောက်မီ ကိုယ့်ဒေသမှာ ကြုံတွေ့နိုင်တဲ့ ဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနဲ့ ပြန်လည်ထူထောင်ခြင်းတွေ ဆောင်ရွက်ရပါတယ်။ ကြိုတင်ကာကွယ်ရေးမှာ အချို့ဒေသတွေအတွက် ကုန်ကျစရိတ်ကြီးမားလို့ မလုပ်နိုင်တာရှိတယ်။ ကာကွယ်လို့ရရင် ကာကွယ်မယ်၊ မရတဲ့ဒေသဆိုရင် လျှော့ချရေးလုပ်ဆောင်ပါတယ်" ဟု ပြောသည်။ **(အောက်ဝဲပုံ)**



ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခြင်းကို ထိရောက်စွာလုပ်ဆောင်နိုင်ပါက သဘာဝဘေးအန္တရာယ်ခံစားရမှု လျှော့နည်းနိုင်ပြီး အသိပညာပေးခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ ပါဝင်၍ ဘေးအန္တရယ်ကြုံတွေ့လာပါက ချက်ချင်းတုံ့ပြန်မှုများဖြင့် ကူညီဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ခံစားခဲ့ရသူများအား ငွေသားနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၉၇၀ ဘီလီယံကျော် ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ဝိုင်း ကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၁၇**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်ကလေးဘဝမှစတင်၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက စာရေးဆရာ မိုးရှင်း (I.M.T) ရေးသားသည့် "သူစိတ်ဓာတ်ကျတိုင်း ဖတ်ဖို့" စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက "ဆင်တစ်ကောင်က ပေးတဲ့ ဘဝသင်ခန်းစာ"၊ "ပစ္စုပ္ပန်မှာ နေထိုင်ပါ"၊ "Motivation နဲ့ ရေချိုးခြင်းကို နေ့စဉ်လုပ်ပါ"၊ "စွန့်လွှတ်ခြင်းနဲ့ ခွင့်လွှတ်ခြင်းကို ပိုင်ဆိုင်အောင်ကြိုးစားပါ"၊ "မနက်ဖြန်တွေ အဓိပ္ပာယ်ရှိပါစေ"စသည့် ဆောင်းပါးများအား ဖတ်ကြားခဲ့ပြီး မိမိတို့ နားလည်သဘောပေါက်သည်များအား ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။**(အောက်ပုံ)**

ဆက်လက်၍ စာရေးဆရာ တောင်တွင်းအောင်သက်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူးတို့က စာပေလေ့လာဖတ်ရှုခြင်းသည် ကျောင်းပညာရေးကိုလည်း အထောက်အကူဖြစ်စေပါကြောင်း၊ စာအုပ်၊ စာပေများ လေ့လာဖတ်ရှုပြီးပါက စာအုပ်ပါ အနှစ်ချုပ်အကြောင်းအရာများ၊ မှတ်သားထားသင့်သည်များကို မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရန် လိုပါကြောင်း၊ စာဖတ်ခြင်းဖြင့် အခွင့်အလမ်းများကို ရရှိစေပြီး လုပ်ငန်းခွင် အောင်မြင်မှုကိုလည်း ရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းသို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(မိသနီးမြေ)**



## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအစည်းဝေးခန်းမတွင် ကျင်းပသည်။

အစည်းဝေးသို့ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းနှင့် တိုင်းအဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်ခရိုင်အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးသက်ဆွေဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးအောင်ငွေက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မဲစာရင်းမှန်ကန်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲအရာရှိက ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်ရွေးကောက်ပွဲအရာရှိများက မိမိတို့မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို အသီးသီး တင်ပြဆွေးနွေးကြရာ တင်ပြမှုများအပေါ် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၄၁)**



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေပြီး ပြည်တွင်းသုံးပဲများ လက်ကျန်နည်းလာ ပုံမှန်သာအရောင်းအဝယ်ရှိနေ

ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေပြီး ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများ လက်ကျန်နည်းလာ၍ ပုံမှန်သာအရောင်းအဝယ်ရှိနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံမှ သိရသည်။

အိန္ဒိယနိုင်ငံမှ ဝယ်ယူသည့် မြန်မာ့ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲတို့ကို အခြားနိုင်ငံများမှ ဝယ်ယူတင်သွင်းမှုများလာကြောင်း အိန္ဒိယပဲဈေးကွက်သတင်းများကြောင့် မြန်မာ့ပို့ကုန်ပဲစင်းငုံဈေးမှာ မျှော်လင့်သလောက်ဈေးမြင့်တက်လာခြင်းမရှိကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ပြည်ပနိုင်ငံအချို့၏ ရာသီပွဲတော်များအတွက် ဝယ်ယူမှုရပ်သွားပြီးနောက် ပို့ကုန်ပဲများဈေးဆက်လက်မြင့်တက်ခြင်းမရှိတော့ဘဲ ဈေးငြိမ်ကာ အဝယ်အေးနေကြောင်း၊ ပြည်တွင်းသုံးပဲများမှာလည်း လက်ကျန်နည်းလာပြီး ပုံမှန်ဈေးကွက်သာရှိကြောင်း မြေပဲလုံးဆန်မှာ ယခင်သီတင်းပတ်ထက် ဈေးအနည်းငယ် ဆက်လက်မြင့်တက်လာကြောင်း ပဲကုန်သည် ဦးကျော်သွင်က ပြောသည်။



အောက်တိုဘာ ၁၆ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်သွက် ဈေးမြင့်တက်လာရာ V2 ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ ထိုင်ဝမ်ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ 929ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အောက်တိုဘာ ၁၆ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ အောက်တိုဘာ ၁၆ ရက်တွင် နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၅၄၅၀ အသီးသီး ပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်နိုင်၍ ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**ရွှေမန်း**



## ဝါကျွတ်ကာလ အလှူအတန်းများပြားလာခြင်းကြောင့် အုန်း၊ ငှက်ပျော ရောင်းအားကောင်းမွန်လျက်ရှိ

မန္တလေးမြို့တွင် အလှူအတန်းများပြားလာခြင်းကြောင့် ဈေးကွက်အတွင်း ဝယ်ယူမှုကောင်းမွန်လာသဖြင့် အုန်း၊ ငှက်ပျော ရောင်းအားကောင်းမွန်လျက်ရှိကြောင်း အုန်း၊ငှက်ပျော ရောင်းချသူများထံမှ သိရသည်။

"အုန်း၊ ငှက်ပျောတွေက သီတင်းကျွတ်၊ တန်ဆောင်းမုန်းလတွေမှာ နှစ်စဉ်ရောင်းကောင်းတယ်။ အဓိကကတော့ ဖီးကြမ်း၊ သီးမွှေးတွေ အဓိကထားရောင်းချရတယ်။ အုန်းသီးကတော့ အခုက အရည်သောက်အုန်းသီးနဲ့ ပွဲတင်တဲ့ အုန်းသီးဆိုပြီး နှစ်မျိုးနှစ်စား ရောင်းချနေရတယ်။ တော်တော်လေးတော့ ရောင်းနေရတယ်" ဟု အုန်း၊ ငှက်ပျော ရောင်းချသူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်အတွင်းတွင် အုန်းသီးတစ်လုံးလျှင် အရည်အသွေးပေါ် မူတည်၍ ငွေကျပ် ၄၀၀၀ မှ ငွေကျပ် ၆၀၀၀ ဝန်းကျင်၊ ဖီးကြမ်းမှာ အရည်အသွေးပေါ် မူတည်၍ ငွေကျပ် ၂၀၀၀ မှ ငွေကျပ် ၄၀၀၀ ဝန်းကျင်၊ သီးမွှေးမှာ ငွေကျပ် ၂၅၀၀ မှ ငွေကျပ် ၄၅၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရောင်းအားသိသိသာသာ ကောင်းမွန်သော်လည်း ယခင်နှစ်၏ ရောင်းအားကို လက်ရှိအနေအထားအရ မီနိုင်သည့် အခြေအနေတွင် မရှိသေးကြောင်း၊ နယ်ပယ်ဒေသအသီးသီးမှ ဈေးကွက်အတွင်း ဝင်ရောက်လာမှုမှာတော့ ယခင်နှစ်နှင့် အတူတူဖြစ်သဖြင့် ဝယ်ယူမှုများလျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်နိုင်မည့် အခြေအနေတွင်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ပဲမျိုးစုံတွင် ပိုးသတ်ဆေးဓာတုဓာတ်ကြွင်းတွေ့ရှိပါက ပြည်ပနိုင်ငံသို့ တင်ပို့ခွင့်ရမည်မဟုတ်

ပြည်ပနိုင်ငံသို့ တင်ပို့မည့် ပဲမျိုးစုံတွင် ပိုးသတ်ဆေး ဓာတုဓာတ်ကြွင်းတွေ့ရှိပါက တင်ပို့ခွင့်ရမည်မဟုတ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ အသိပေးထားကြောင်း သိရသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ပဲမျိုးစုံအနက် ပဲတီစိမ်းများတွင် ဓာတုဓာတ်ကြွင်း၊ အကြွင်းအကျန်များနေခြင်းကြောင့် ပြန်ပို့ခံရသည့် ဖြစ်စဉ်ရှိခဲ့သည်ဟု ဆိုသည်။

"ပို့ကုန်ကုမ္ပဏီ ၂၂ ခုက တင်ပို့လိုက်တဲ့ ပဲတီစိမ်းတန်ချိန် တစ်သောင်းကျော်နဲ့ ပဲယင်းတန်ချိန် ၁၀၀ ကျော်မှာ သိုင်ယာမီသောင်ဇင်နဲ့ ထရိုင်ဆိုင်ကလိုဇောဆိုတဲ့ ဓာတ်နှစ်မျိုး များနေလို့ ပြန်ပို့ခံရတာပါ။ ဒါမျိုးမဖြစ်အောင် ဆောင်ရွက်နေပါတယ်" ဟု ၎င်းအသင်းမှ တာဝန်ရှိသူက ပြောသည်။

တောင်သူတွေအနေဖြင့် လာမည့် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ပိုးသတ်ဆေးဓာတုဓာတ်ကြွင်း မကျန်ရှိအောင် အလေးထားရမည်ဖြစ်ပြီး ပိုးသတ်ဆေးဓာတုဓာတ်ကြွင်းဖြစ်ရသည့် နောက်ကြောင်းပြန်ခြေရာခံနိုင်သော စနစ်ထူထောင်နိုင်ပါက နိုင်ငံတကာသို့ တင်ပို့သည့် မြန်မာ့ပဲဈေးကွက်ကို ရေရှည်ထိန်းထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ပဲတီစိမ်းကို တရုတ်ဈေးကွက်မှာ အဓိက တင်ပို့နေတာဖြစ်ပြီး မတ်ပဲနဲ့ ပဲစင်းငုံနီကိုတော့ အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတာပါ။ ပိုးသတ်ဆေးဓာတ်ကြွင်းကျန်ရှိရင် တင်ပို့ခွင့်ရမှာ မဟုတ်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းတင်ပို့မှုအားလုံး၏ ၆၈ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

*-*-*-*-*-*-*

## ကမ္ဘာ့ဆန်၊ ဆန်ကွဲဈေးကွက်မှာ လက်ရှိထက် ထပ်မံကျဆင်းဖွယ်မရှိဘဲ ပြည်ပက စတင်ဝယ်ယူနေပြီဟု ဆို

ကမ္ဘာ့ဆန်ဈေးကွက်တွင် မြန်မာ့ဆန်ဈေးနှုန်းမှာ လက်ရှိအချိန်၌ အနိမ့်ဆုံးသို့ ရောက်ရှိနေသော်လည်း အဓိကဝယ်ယူလေ့ရှိသည့် နိုင်ငံများက စတင်ဝယ်ယူနေပြီဖြစ်၍ ယခုထက် ထပ်မံကျဆင်းနိုင်ခြေ မရှိကြောင်း ဆန်၊ ဆန်ကွဲ တင်ပို့သူများက သုံးသပ်ကြသည်။

မြန်မာ့ဆန်နှင့် ဆန်ကွဲဈေးကွက်မကျဆင်းစေရန်အတွက် စိုက်ပျိုးတောင်သူများအနေဖြင့် အရည်အသွေးကို ထိန်းသိမ်းကြရန် လိုအပ်သည်ဟု ဆိုသည်။

"အဓိက ဝယ်လက်တွေ ဖြစ်တဲ့ အီးယူနဲ့ အခြားနိုင်ငံတွေက အောက်တိုဘာ ဒုတိယပတ်က စပြီး မြန်မာ့ဆန်ကို ဝယ်နေကြပြီဆိုတော့ ဈေးမကျနိုင်ဘူး။ ကမ္ဘာ့ဈေးကွက်မှာ မြန်မာဆန်၊ ဆန်ကွဲဈေး ထိန်းထားနိုင်အောင် တောင်သူတွေကလည်း စပါးအရည်အသွေးကောင်းမွန်ဖို့၊ ရင့်မှည့်ချိန်ရောက်မှ ရိတ်သိမ်းကြဖို့ လိုပါတယ်" ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။




လက်ရှိ ဝယ်ယူနေသည့် ဈေးနှုန်းများမှာ အီးယူက ၅ မှတ်ဆန်တစ်တန်လျှင် ဒေါ်လာ ၃၃၀၊ အာရှဈေးကွက်တွင် ၃၂၅ ဒေါ်လာ၊ တရုတ်ဈေးကွက်တွင် သုခ အမျိုးအစား ၁၀ မှတ်ဆန် တစ်တန်လျှင် ၃၂၅-၃၃၀ ဒေါ်လာ၊ အာဖရိကဈေးကွက်တွင် ရိုးရိုးအစတစ်တန်လျှင် ၂၇၅-၂၈၀ ဒေါ်လာတို့ဖြင့် ရောင်းချနေရကြောင်း သိရသည်။

"ပြည်ပကို ဆန်တင်ပို့သူတွေအနေနဲ့ ဈေးလျှော့ပြီး ရောင်းတာမျိုးတွေ မလုပ်ဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဈေးက ဒီထက်ပိုပြီး မကျနိုင်ဘူး။ ခုဆိုရင် ပြည်ပဝယ်ယူမှုတွေ စတင်နေပြီဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အောက်တိုဘာမှ ၂၀၂၆ မတ်ကုန်အထိ တစ်လလျှင် ဆန်၊ ဆန်ကွဲ တန်ချိန် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း တန်ချိန် ၁၈ သိန်း တင်ပို့နိုင်ရေး လျာထားဆောင်ရွက်နေကြောင်း ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# လာမည့် အေပက်ထိပ်သီးအစည်းအဝေး တက်ရောက်ရန်အတွက် အမေရိကန်သမ္မတ တောင်ကိုရီးယားသို့ ရောက်ရှိလာမည်ဟု မျှော်မှန်း




**ဝါရှင်တန် အောက်တိုဘာ ၁၇**
လာမည့် အေပက်ထိပ်သီး အစည်းအဝေးတက်ရောက်ရန်အတွက် အောက်တိုဘာလ ၂၉ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာမည်ဟု မျှော်မှန်းရသည်ဟု တောင်ကိုရီးယားသမ္မတရုံးက အောက်တိုဘာ ၁၆ ရက်တွင် အတည်ပြုကြောင်း သိရသည်။

အမေရိကန်သမ္မတသည် "၂၉ ရက်နေ့တွင် ရောက်ရှိလာမည်" ဟု သမ္မတရုံးမှ အရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနကိုလည်း ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၁ ရက်နေ့အထိ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်တွင် သမ္မတထရမ့်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံနိုင်သည်ဟု အမေရိကန်အရာရှိများက အခိုင်အမာ ပြောဆိုနေကြသည်။

သမ္မတထရမ့်သည် တောင်ပိုင်းမြို့တော်ဖြစ်သော ဂယောင်းဂျူတွင် အောက်တိုဘာလ ၃၀ ရက်နေ့အထိ နေထိုင်ဖွယ်ရှိသည်ဟု အမျိုးသားလုံခြုံရေးအကြံပေးကို ကိုးကား၍ တောင်ကိုရီးယားမီဒီယာများက ဖော်ပြခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားဖွယ်ရှိ

**ကဘူးလ် အောက်တိုဘာ ၁၇**
အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ကာတာနိုင်ငံ၏ မြို့တော် ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၏ TOLOnews က အစိုးရသတင်းအရင်းအမြစ်များကို ကိုးကားပြီး အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

အာဖဂန်နစ္စတန် ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် မကြာမီအချိန်တွင် ဒိုဟာမြို့သို့ ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လက်ရှိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်ကို သက်တမ်းတိုးနိုင်ရေးကဲ့သို့သော အကြောင်းအရာများ ပါဝင်ဖွယ်ရှိသည်။

ထို့အပြင် အာဖဂန်နစ္စတန်ကိုယ်စားလှယ်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီး မော်လဝီမိုဟာမက်ယာကူဘ်မူဂျာဟစ်က ဦးဆောင်မည်ဖြစ်ပြီး ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့တွင် အကြီးတန်းလုံခြုံရေးနှင့် ထောက်လှမ်းရေးအရာရှိများ ပါဝင်ဖွယ်ရှိသည်။ လက်ရှိအချိန်အထိ ဆွေးနွေးပွဲအစီအစဉ်နှင့်ပတ်သက်ပြီး အစိုးရနှစ်ရပ်စလုံးက မည်သည့်တရားဝင်အတည်ပြုချက်မှ ထုတ်ပြန်ထားခြင်း မရှိသေးပေ။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ရက်များစွာကြာ နယ်စပ်ဖြတ်ကျော် အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အောက်တိုဘာ ၁၅ ရက်တွင် နှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပတ်သက်ပြီး သီးခြားစီ ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ကယ်လီဖိုးနီးယားဒေသခံ ၁၀ သန်းကျော် ငလျင်ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွင် ပါဝင်

**ကယ်လီဖိုးနီးယား အောက်တိုဘာ ၁၇**
ကယ်လီဖိုးနီးယားဒေသခံ ၁၀ သန်းကျော်သည် နှစ်စဉ်ပြုလုပ်သည့် ပြည်နယ်အဆင့် ငလျင်ကာကွယ်ရေးလေ့ကျင့်မှုတွင် အောက်တိုဘာ ၁၆ ရက်က ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါလေ့ကျင့်မှုသည် ပြည်သူများ၏ အသိအမြင် မြှင့်တင်ရန်နှင့် ကြီးမားသော ငလျင်ကြီးများနှင့် ကြုံတွေ့သည့်အခါ တုံ့ပြန်နိုင်စွမ်းမြှင့်တင်ရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၆ မိနစ်က ပြည်နယ်တစ်ဝန်းဒေသခံများသည် ၎င်းတို့၏ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စများကို ရပ်နားကာ ငလျင်လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့ကြသည်။



ကယ်လီဖိုးနီးယားပြည်နယ်၌ ငလျင်လှုပ်ခတ်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။

ယခုနှစ်အတွင်းပြုလုပ်သည့် ငလျင်လေ့ကျင့်ခန်းတွင်ပါဝင်ရန် ကယ်လီဖိုးနီးယားဒေသခံ ၁၀ ဒသမ ၄ သန်း စာရင်းပေးသွင်းခဲ့ကြသည်ဟု ကျင်းပရေးကော်မတီ၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုသည် လူတစ်ဦးချင်း၊ ကျောင်းများနှင့် ရပ်ရွာလူထုအား ငလျင်ဒဏ်ခံနိုင်ရေးဆောင်ရွက်ချက်များ လေ့ကျင့်နိုင်ခွင့်၊ အရေးပေါ်အစီအစဉ်များ ပြန်လည်သုံးသပ်ခွင့်နှင့်သဘာဝဘေးအတွက်အထောက်အပံ့ပစ္စည်းများ ပေးအပ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

**ဆင်ဟွာ**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မလေးရှားနိုင်ငံ၌ ပြည်တွင်းသုံးစွဲမှု အားကောင်းခြင်းကြောင့် ယခုနှစ် ပထမနှစ်ဝက်ထက် စီးပွားရေး ပိုမိုမြင့်တက်လာ



**ကွာလာလမ်ပူ**
**အောက်တိုဘာ ၁၇**
မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ပြည်တွင်းသုံးစွဲမှု အားကောင်းခြင်းကြောင့် ယခုနှစ် ပထမနှစ်ဝက်ထက် ပိုမိုမြင့်တက်လာကာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တတိယသုံးလပတ်တွင် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ဒုတိယသုံးလပတ်တွင် မလေးရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန် (ဂျီဒီပီ) သည် ပို့ကုန်များ နှေးကွေးခဲ့သော်လည်း နှစ်စဉ်နှုန်းဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးချဲ့ခဲ့ပြီး ယခုနှစ်၏ ပထမသုံးလပတ်တွင် သတ်မှတ်ထားသော နှုန်းထားနှင့် ကိုက်ညီခဲ့သည်။

ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလပတ်အတွင်း တိုးတက်မှုသည် ပြည်တွင်းဝယ်လိုအားက ဆက်လက်မောင်းနှင်နေခြင်းနှင့်အတူ ကဏ္ဍအားလုံးတွင် ခိုင်မာသော စွမ်းဆောင်ရည်များကြောင့် အားဖြည့်ပေးထားခဲ့သည်ဟု စာရင်းအင်းဌာနက အစီရင်ခံတင်ပြသည်။

ပြည်တွင်းသုံးစွဲမှုသည် ဇူလိုင်လတွင် အတိုးနှုန်းများ ဖြတ်တောက်ခြင်းနှင့် ဩဂုတ်လတွင် အရည်အချင်းပြည့်မီသော မလေးရှားနိုင်ငံသားများအား တစ်ကြိမ်တည်း ထောက်ပံ့ငွေများ ထုတ်ပေးခြင်းအပါအဝင် စီးပွားရေးကို အထောက်အကူပြုရန် အစိုးရ၏ ဆောင်ရွက်ချက်များစွာကြောင့် ထပ်မံမြင့်တက်လာခဲ့သည်ဟု အကြီးတန်းစာရင်းအင်းပညာရှင် မိုဟာမက်အူဇီယာမဟာဒီန်က ပြောကြားသည်။

"မရေရာသော ကုန်သွယ်ရေးမူဝါဒများမှ စိန်ခေါ်မှုများ ရှိနေသော်လည်း ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုနှင့် မြင့်တက်လာသော ပြင်ပဝယ်လိုအားတို့က စီးပွားရေးတိုးချဲ့မှုကို ပိုမိုအားကောင်းစေသည်" ဟု ၎င်းက ရှင်းပြသည်။

တတိယသုံးလပတ်၏ နောက်ဆုံး ဂျီဒီပီ ကိန်းဂဏန်းများကို လာမည့်နိုဝင်ဘာလ ၁၄ ရက်တွင် ထုတ်ပြန်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

# ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း တိုမီအိချိမူရာယာမာ အသက် ၁၀၁ နှစ်အရွယ်၌ ကွယ်လွန်

**တိုကျို အောက်တိုဘာ ၁၇**
ဒုတိယကမ္ဘာစစ်နှင့်ပတ်သက်၍ တောင်းပန်သည့် ထုတ်ပြန်ချက်ဖြင့် လူသိများသော ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း တိုမီအိချိမူရာယာမာသည် အောက်တိုဘာ ၁၇ ရက်က အသက် ၁၀၁ နှစ်အရွယ်၌ ကွယ်လွန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ်ဟောင်း မူရာယာမာသည် ဂျပန်နိုင်ငံ လက်နက်ချခဲ့သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ၁၉၉၅ ခုနှစ်တွင် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး အာရှရှိ ၎င်းတို့နိုင်ငံ၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်၍ "နက်ရှိုင်းသော နောင်တရခြင်း" ကို ဖော်ပြခဲ့သည်။

နောက်ပိုင်းတွင် ယင်းထုတ်ပြန်ချက်သည် ဒုတိယကမ္ဘာစစ်နှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှ တောင်းပန်မှုများအတွက် စံနှုန်းတစ်ခု ဖြစ်လာခဲ့သည်။

"ဂျပန်နိုင်ငံရေး၏ ဖခင်ဖြစ်သူ တိုမီအိချိမူရာယာမာသည် ယနေ့နံနက် ၁၁ နာရီ ၂၈ မိနစ်တွင် အိုအိတမြို့ရှိ ဆေးရုံတစ်ခု၌ အသက် ၁၀၁ နှစ်အရွယ်ဖြင့် ကွယ်လွန်ခဲ့ပါသည်" ဟု မူရာယာမာ၏ ယခုအခါ ဖျက်သိမ်းပြီးဖြစ်သော ဆိုရှယ်လစ်ပါတီကို ဆက်ခံသည်ဟု ယူဆရသည့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ အကြီးအကဲ မိဇုဟိုဖုကူရှီးမားက အိတ်ခ်ျစ် လူမှုကွန်ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။



**Mon**

# (၁၄)ကြိမ်မြောက် စောမွန်လှ ဆွေတော်မျိုးတော်များ စုပေါင်းဘုံကထိန်

**'ကောင်းမှုမြတ်နိုး၊ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်၌တည်စေမင်း'** ဆိုသော လောကသာရပျို့လာ အဆုံးအမကိုလည်း စာရေးသူတို့ နာခံကျက်မှတ်ခဲ့ဖူးသည်။

'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုသော မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဩဝါဒကိုလည်း နာခံခဲ့ဖူးပြီ။ စာရေးသူတို့ ပုထုဇဉ်လူသား များစွာသော သတ္တဝါတို့သည် သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက်၌ ကျင်လည်ခဲ့ကြသည်မှာ ရေတွက်ခြင်းငှာ မစွမ်းသာပါချေ။ အပါယ်လေးဘုံသည် ထာဝရတည်ရာမှီရာဖြစ်ခဲ့ကြသည်။ ဘဝပေါင်းများစွာတို့၌ အပါယ်လေးဘုံ ကျင်လည်ခဲ့ဖူးပြီးမှ ရတောင့်ရခဲလှသော လူ့ဘဝကို ရရှိခဲ့ကြသည်ဖြစ်ရာ လူ့ဘဝရောက်ခိုက် အရင်းမရှုံးဖို့တော့ ကြိုးစားကြရပေမည်။

ရှေးဘုန်းရှေးကံ ကောင်းမှုအထွေထွေလည်းရှိခဲ့ကြသည်ဖြစ်၍ လူ့ဘုံဌာန၊ လူ့ဘဝကို ရရှိလာခိုက်၊ ရှေးဘုန်းရှေးကံအရ ရရှိလာသော အခွင့်အရေးလာဘ်လာဘ၊ စည်းစိမ်ချမ်းသာ၊ အခြေအရံ၊ ကျော်ကြားမှုတို့၌ ငြီတွယ်၍ လောဘမသတ်နိုင်၊ ဒေါသမသတ်နိုင်၊ မောဟမသတ်နိုင်ကြပါက အမြဲတမ်း နေအိမ်ဖြစ်သော အပါယ်လေးဘုံသို့ ပြန်လည်ကျရောက်နိုင်ပေမည်။ သို့ဆိုလျှင် ဘဝပေါင်းများစွာ ကျင်လည်၍ ဒုက္ခဘေးမျိုးစုံကို ခံစားကြရပေဦးမည်။

ရှေးဘုန်းရှေးကံအပေါ်မှာချည်း နှစ်သိမ့်သာယာမနေဘဲ မိမိလူ့ဘဝရောက်ခိုက် ဘာသာအကျိုး၊ သာသနာ့အကျိုး၊ လူ့လောကကောင်းကျိုးကို ဆောင်ရွက်နိုင်မှသာလျှင် လူသည် လူသားပီသ၍ လူ့ဘဝရရှိကျိုးနပ်ပေမည်။ ရှေးဘုန်းရှေးကံကို ပစ္စုပ္ပန်ကောင်းကံနှင့် ဆက်ပါမှ ဆက်ကာဆက်ကာ ကံကောင်းမှုအခွင့်အလမ်းများ ပေါ်ပေါက်ပြီး တစ်ဘဝနှင့်တစ်ဘဝ တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ အဆုံးသောဘဝတွင် မဂ်ဖိုလ်နိဗ္ဗာန်ရရှိနိုင်မည်ဖြစ်ပေသည်။ 'ရှေးကသမ္ဘာ၊ အရင်းပါလည်း၊ သမ္ဘာမကျင့်၊ ဘုန်းမပွင့်ဘူး။ ကောင်းစွာကျင့်ပြု၊ ကောင်းစွာရှု၍၊ ကောင်းမှုကုသိုလ်၊ မငြင်ငြိုနှင့်၊ ကြည်ညိုမြတ်နိုး၊ ဘုန်းပွင့်နိုးလော့'။

လူတိုင်းလူတိုင်း၌ ကုသိုလ်ဘုန်းကံပညာပါရမီ အဆောက်အအုံများ ပါရှိခဲ့ကြပြီးဖြစ်သည်။ အကျိုးတရားသည် အကြောင်းတရားကြောင့်ဖြစ်သည်။ အကြောင်းတရားများ ပြည့်စုံညီညွတ်သည့်အခါ အကျိုးတရားသည် မျှော်လင့်တောင့်တနေဖွယ်မရှိ၊ အလိုလိုဖြစ်မည်သာ။ ထို့ကြောင့် အကြောင်းတရား ဖြူစင်ပြည့်ဝအောင် ဆောင်ရွက်ရန်သာ ပဓာနဖြစ်သည်'ဟု ရဟန်းစာဆို-ပညာရှင်ဆရာတော် တက္ကသိုလ်တေဇာလင်းက ရေးသားဩွန်ပြ ဆိုဆုံးမခဲ့ဖူးသည်။

**'ပစ္စုပ္ပန်ကံ၊ မတူပြန်၊ ရှေးကံမပွင့်လင်း**

**ပစ္စုပ္ပန်ကံ၊ ထူမ,ပြန်၊ ရှေးကံပွင့်ပွင့်လင်း'**ဟု ရှေးပညာရှိများက မိန့်ဆိုခဲ့ကြသည် မဟုတ်လော။

နဂါးကိုးကောင်ဆရာတော်ဟု လူသိများသော ဘဒ္ဒန္တရာဇိန္ဒသည် ရဟန်းအဖြစ်မခံယူမီ ဆင်းရဲချို့တဲ့စွာ ရှန်းကန်ခဲ့ရသည်။ မိဝေး၊ ဖဝေးဖြင့် အခြေအနေပေးသလို အခက်အခဲများစွာကို ကျော်ဖြတ်ခဲ့ရသည်။ မိရိပ်၊ ဘရိပ်၊ ဆွေရိပ်၊ မျိုးရိပ်၌ အေးချမ်းစွာ နားခိုခွင့်မရခဲ့။

ဤသို့ဖြင့် ငြိမ်းအေးရာသာသနာ့ဘောင်တွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် ရှေးကုသိုလ်ကံများ နိုးထကာ စောမွန်လှ မြတဘက်ဘုရားပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆင်းရဲနွမ်းပါး၍ ကျောင်းမနေနိုင်ကြသော ကလေးများကို ကိုယ်ချင်းစာတရားဖြင့် မိမိရှိသမျှ ဆွမ်းခဲဖွယ်ဘောဇဉ်ထဲမှ ခွဲခြမ်းမျှဝေကာ ကျွေးမွေးရင်း ပညာသင်ပေးခဲ့သည်။ ခရစ်သက္ကရာဇ် ၂၀၀၀ပြည့်နှစ်မှ စတင်ခဲ့သော ဘ.က ကျောင်းလေးသည် ၁၀ နှစ်လောက်အကြာ ၂၀၁၀-၂၀၁၁ တွင် မူလတန်းမှ အဋ္ဌမတန်းအထိ ပညာသင်ပေးနိုင်သော မူလွန်ကျောင်းအဖြစ် တိုးချဲ့နိုင်ခဲ့သည်။ အကြောင်းကောင်း၍ အကျိုးကောင်းရသည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များလည်း ရောက်ရှိလာကြရာ စာအုပ်၊ စာရေးကိရိယာမှစ၍ လိုအပ်သည်မရှိအောင် အခမဲ့ပေး၍ ပညာသင်ကြားနိုင်ခဲ့သည်။

ရှေးဘုန်းရှေးကံ နိုးထလာပြီဖြစ်၍ ပစ္စုပ္ပန်ကောင်းမှုကံအကျိုးပေးဖြင့် ဆက်မိလာသည်ဖြစ်၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ရာ



နှစ်စဉ် တပေါင်းလပြည့်ကျော် ၈ ရက်တွင် စောမွန်လှ ဆွေတော်မျိုးတော်များ စုပေါင်း၍ ရှင်အပါး ၃၀၀ ရှင်ပြုပွဲကြီးကိုလည်း ကျင်းပနိုင်ခဲ့သည်။

လွန်ခဲ့သော ၁၅နှစ်၊ နှစ် ၂၀ ဝန်းကျင်က တန်ဆောင်မုန်းလကထိန်ရာသီဖြစ်သော်လည်း မန္တလေးမှ ဘုန်းတော်ကြီးကျောင်းများမှာ ကထိန်မရဘဲရှိခဲ့ကြသည်။ မန္တလေးလူထု၏သာရေး၊ နာရေး၊ လူရေးတန်းရေး၊ အရေးကိစ္စတိုင်းတွင် ဒေသခံဆရာတော်၊ သံဃာတော်များ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့ကြသည်။ ဘာသာအကျိုး၊ သာသနာအကျိုး သယ်ပိုးခဲ့ကြသည်။ သို့သော်ဒေသခံများသည် ကထိန်ခင်းကျင်းလှူဒါန်းရာတွင် တောင်ပေါ်ဒေသနှင့် ရပ်ဝေးဒေသများ၊ စစ်ကိုင်းတောင်ရိုးဒေသ နာမည်ကြီးကျောင်းများသို့ ခင်းကျင်းလှူဒါန်းသည်ကများသည်။ ဒေသခံ သံဃာတော်များ၊ ကျောင်းများမှာ ချို့တဲ့လှသည်။

သို့ဖြစ်၍ နဂါးကိုးကောင် ဆရာတော်သည် ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများ၊ အကျိုးတော်ဆောင်အဖွဲ့များနှင့်တိုင်ပင်ကာ စောမွန်လှ ဆွေတော်၊ မျိုးတော်များ စုပေါင်းမဟာဘုံကထိန်တော်ကြီးကို စတင်လှူဒါန်းခဲ့သည်။ ၂၀၁၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် စတင်လှူဒါန်းခဲ့သော စောမွန်လှဆွေတော်မျိုးတော်များ စုပေါင်းမဟာကထိန်တော်သည် ယခုနှစ်တွင် (၁၄)ကြိမ်မြောက် စုပေါင်းမဟာကထိန်တော်အဖြစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပရတော့မည်ဖြစ်ရာ အကျိုးတော်ဆောင်အဖွဲ့များအနေဖြင့် စိတ်နှလုံးလှုပ်ရှားတက်ကြွစွာ တိုင်ပင်နေကြပြီဖြစ်သည်။ စိတ်အားထက်သန်လျက်ရှိနေကြပြီဖြစ်သည်။

ကထိန်တော်ခင်းကျင်းလှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူသော မြင့်မြတ်လှသည့် အလှူဒါနပင်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်သော ရဟန်းတို့ကို အကြောင်းပြု၍ 'ပုရိမဝါမှ ထတော်မူကြသော ရဟန်းတို့အား ကထိန်ခင်းဖို့ရန် ငါဘုရားခွင့်ပြုတော်မူသည်'ဟုမိန့်ကြားတော်မူခဲ့ရာမှ ကထိန်ခင်းကျင်းလှူဒါန်းခြင်း ကုသိုလ်ပွဲကိုစတင်ခဲ့၍ ယနေ့တိုင်စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကထိန်ဆိုသည်မှာ ခိုင်မြဲအောင်ပြုလုပ်သည်ဟု အဓိပ္ပာယ်ရပါသည်။ ခိုင်မြဲအောင်ဆိုသည်မှာ ကထိန်ခင်းကျင်းလှူဒါန်းခြင်းအကျိုးငါးပါးကို ရဟန်းတော်များ ရရှိအောင်ပြုလုပ်ခြင်းဟု ဆိုလိုရင်းဖြစ်သည်။ အဆိုပါရဟန်းတို့ရသော ခိုင်မြဲသည့်အကျိုးငါးပါးမှာ-

(၁) မိမိလိုရာ အရပ်ကို မကြောင့်မကြ အနှောင့်အယှက်မရှိဘဲ ချောချောမောမော သွားလာနိုင်ခြင်း၊

(၂)ဘယ်ကိုသွားသွား ပေါ့ပေါ့ပါးပါး ချမ်းချမ်းသာသာ သွားရခြင်း၊

(၃)အစားအသောက်ကြောင့် ဘေးဥပဒ်အန္တရာယ်မဖြစ်ခြင်း၊

(၄)မိမိတို့ပစ္စည်းများကို ရန်သူမျိုးငါးပါး မဖျက်ဆီးဘဲ စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်း၊

(၅)အဝတ်အထည်ပေါများခြင်း၊ မိမိပစ္စည်းများကို မိမိမပေးဘဲ မည်သူမျှ မယူနိုင်ခြင်းတို့ဖြစ်သည်။

ထိုနည်းတူစွာ ရဟန်းတော်များရရှိသည့် ခိုင်မြဲသည့်အကျိုးငါးပါးကို ကထိန်ခင်းရန် သင်္ကန်းလှူသောပုဂ္ဂိုလ်များလည်း ကံတူအကျိုးပေး သဘာဝအရ ကောင်းကျိုးငါးပါးကို ရရှိကြသည်ဖြစ်ပေသည်။

ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း သင်္ကန်းလှူရာ၌ 'ဣမံ ကထိန စီဝရံ'' ဤကထိန်သင်္ကန်းကို'ဟူ၍ ကထိန်ဟူသော စကား ပါဝင်အောင်ဆို၍ လှူရသောကြောင့်လည်း 'ကထိန်သင်္ကန်း' အမည်ရသည်။

(၁) ကထိန်သင်္ကန်း၊ လှူဒါန်းသူမှာ
အသက်လည်းပဲ၊ ခိုင်မြဲရတာ
ရန်သူငါးပါး၊ လွတ်ငြားဥစ္စာ
မြတ်ဘုရား ဟောကြားခဲ့သည်သာ။

(၂) သံဃိကသင်္ကန်း၊ လှူဒါန်းသူမှာ
သံသရာနယ်ထဲ၊ ဆင်နွဲ့ချိန်ခါ
ဥစ္စာခနေ၊ ကြွယ်ဝချမ်းသာ
မြတ်ဘုရား ဟောကြားခဲ့သည်သာ။

(၃) ဥတ်မသင်္ကန်း၊ လှူဒါန်းသူမှာ
ထင်ပေါ်ကျော်ကြား၊ ဖြစ်ငြားမှန်စွာ
များပိုင်ခနေ၊ ရကြလေတာ
မြတ်ဘုရား ဟောကြားခဲ့သည်သာ။

(၄) ကာလသင်္ကန်း၊ လှူဒါန်းသူမှာ
အရွယ်သုံးပါး၊ ကြီးပွားချမ်းသာ
စည်းစိမ်များပြား၊ ခံစားရတာ
မြတ်ဘုရား ဟောကြားခဲ့သည်သာ။

(၅) မသိုးသင်္ကန်း၊ လှူဒါန်းသူမှာ
အသစ်အဆန်း၊ ရှင်လန်း၏သာ
သုံးစွဲရငြား၊ ခံစားချမ်းသာ
မြတ်ဘုရား ဟောကြားခဲ့သည်သာ။

(၆) လူ၏ဘဝ၊ ရကြသည့်ခါ
လူဖြစ်ကျိုးနပ်၊ မြင့်မြတ်ဖို့ရာ
ကထိန်သင်္ကန်း၊ လှူဒါန်းကြပါ
မြတ်ဘုရား ဟောကြားခဲ့သည်သာ။

ယခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၊ ၄-၁၁-၂၀၂၅၊ အင်္ဂါနေ့တွင် ပြုလုပ်မည့် (၁၄)ကြိမ်မြောက် စောမွန်လှ ဆွေတော်မျိုးတော်များ စုပေါင်းဘုံကထိန်တော် ဖြစ်မြောက်ရေးကို ရာသက်ပန်ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများ မ,တည်အလှူရှင်များဖြစ်ကြသော ဦးကျော်လင်း+သုခမ္မသီဂီ ဒေါ်ဖြူဖြူ၊ ရွှေပြည်သာကျောက်မျက်ကုမ္ပဏီမှ ကိုဇာနည်ဦး+ မဖြူဖြူသွယ် မိသားစု အလှူ့ဒါယိကာမကြီး ဒေါ်ခင်သီတာထွန်း(ဥက္ကဋ္ဌ)(မန္တလေးအထွေထွေစီးပွားရေးသမဝါယမအသင်း)၊ ကိုဇင်ဖြိုးဦး+ မယုယုငြိမ်း မိသားစု၊ အကျိုးတော်ဆောင် ဒေါ်တင်အိ၊ ကိုထွန်းထွန်း+မရင်ရင်မြင့် (ထိုင်ဝမ်အထည်ဆိုင်)တို့မှ နဂါးကိုးကောင် ဆရာတော်၏ ဩဝါဒကိုခံယူ၍ လှူဒါန်းကြမည်ဖြစ်သည်။ စောမွန်လှဆွေတော်မျိုးတော်များ၊ ပဋ္ဌာန်းဆက် အလှူရှင်များအနေဖြင့်လည်း ကထိန်တော်ကြီးအတွက် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း ၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၇၈၇၁၂၅၈၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန်လည်း နှိုးဆော်လျက်ရှိသည်ကို တွေ့ရှိရသည်။

(၁၄)ကြိမ်မြောက် စောမွန်လှ ဆွေတော်မျိုးတော်များ စုပေါင်းဘုံကထိန်တော် ခင်းကျင်းလှူဒါန်းမည့် ကထိန်လျာသင်္ကန်းနှင့် အခြံအရံပစ္စည်းများကို ရှားပါးဒေသများဖြစ်သည့်-

(၁) မုံရွာမြို့၊ တောင်ပုံကျေးရွာကျောင်း၊

(၂) မုံရွာမြို့၊ ခင်မွန်ကျေးရွာကျောင်း၊

(၃) မင်းကွန်း၊ ချောင်းမကြီးကျောင်းများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်၍ ကြည်ညိုသဒ္ဓါပွား 'သာဓု'ခေါ်ဆိုနိုင်ရန် တင်ပြလိုက်ရပေသည်။

**'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု'**

ဖိုးစွံ(အောင်ပင်လယ်)

❖ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ် ...

❖ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံချက်များ ပေးနိုင်ရန်လို...

❖ သို့မှသာ နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေး ကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့အား ပြန်လည်ထိန်းချုပ်

## ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်တော့မည်

နေပြည်တော် အောက်တိုဘာ ၁၇

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်မြို့ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား တပ်မတော်စစ်ကြောင်းများက ဒေသခံတိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ နည်းမျိုးစုံဖြင့် ကူညီပံ့ပိုးမှုတို့ကို အပြည့်အဝရယူ၍ TNLA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းထံမှ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ကျောက်မဲမြို့မှ ၂၈ ကီလိုမီတာအကွာရှိ ရှမ်းမြောက်ဒေသ၏ မြို့တစ်မြို့ဖြစ်သော သီပေါမြို့ကို ဆက်လက်ချီတက်၍ အကြမ်းဖက်သောင်းကျန်းသူ နှိမ်နင်းမှုစစ်ဆင်ရေး ဆောင်ရွက်ရန်လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုတို့ကို အချိန်တိုအတွင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထို့နောက် သားကောင်းဇာနည်အောင်စစ်သည် တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့မှ သီပေါမြို့သို့ ဖရိုဖရဲ အလဲလဲအကွဲကွဲ ဦးတည်ဆုတ်ခွာထွက်ပြေးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်သူများကို အနားမပေးဘဲ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်မှစ၍ စစ်ကြောင်းများ ဖြန့်ခွဲကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲတိုက်ပွဲဝင်ခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့ ✧



အောင်ပွဲရ တပ်မတော်သားများအား သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း အာရှဖလားခြေစစ်ပွဲအောင်မြင်

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ၂၀၂၆ အမျိုးသမီး ယူ-၁၇ အာရှဖလားခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်တွင် မကာအိုအသင်းကို ခုနစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ယခု အင်ဒိုနီးရှားအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကာ အာရှဖလားခြေစစ်ပွဲ အောင်မြင်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ၂၀၀၉ ခုနှစ် နောက်ပိုင်း အမျိုးသမီး ယူ-၁၇ အာရှဖလားခြေစစ်ပွဲ အောင်မြင်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ အမျိုးသမီး ယူ-၁၇ အာရှဖလားခြေစစ်ပွဲကို ပြိုင်ပွဲဝင် ၁၂ သင်းဖြင့် တရုတ်နိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဧပြီ ၃၀ ရက်မှ မေ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(NGB)



## ကမ္ဘာ့ဝင်ငွေအကောင်းဆုံးဘောလုံးသမားစာရင်းတွင် စီရော်နယ်လ်ဒို ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်

**လန်ဒန် အောက်တိုဘာ ၁၇**

အမေရိကန် အခြေစိုက် နာမည်ကျော် စီးပွားရေးမဂ္ဂဇင်း Forbes က ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး ဘောလုံးသမားစာရင်းအား ထုတ်ပြန်ကြေညာခဲ့ရာ ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုက ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်ခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့မှုကြောင့် ဝင်ငွေအကောင်းဆုံးကစားသမားအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

Forbes ၏ ထုတ်ပြန်ချက်အရ စီရော်နယ်လ်ဒိုက တစ်နှစ်တာ ဝင်ငွေ ဒေါ်လာသန်း ၂၈၀ဖြင့် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၄င်းနောက်တွင် မက်ဆီ၊ ဘန်ဇီမာ၊ ဘာပေ၊ ဟာလန်း၊ ဗင်နီစီယပ်စ်၊ ဆာလာ၊ မာနေ၊ ဘင်လင်ဟမ်၊ ယာမဲလ်တို့က အသီးသီးရပ်တည်လျက်ရှိသည်။

(NGB)

